
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)

## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ


### သေဆုံးခဲ့သူ အရေအတွက် စုစုပေါင်း




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ ၁,၀၈၉ ဦးထက်မနည်း ရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ မှတ်တမ်းများအရ သိရသည်။ ၁,၀၈၉ ဦးအနက် အချက်အလက်သိရသူ ၁,၀၂၀ဦး ဖြစ်ပြီး၊ ယခုကိန်းဂဏန်း၌ပါဝင်ခြင်းမရှိဘဲ ကျန်သူနေ များစွာရှိနိုင်ပါသည်။ AAPP က ပြုစုထားသောစာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားသည်။ စစ်ကောင်စီ၏ မှတ်တမ်းများအရ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အထိ ဆန္ဒပြသူများဘက်တွင် သေဆုံးသူ ၂၅၀ ဦး ရှိခဲ့သည်ဟုဆိုသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၈၉ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၁၇ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၂၅ ရက်အတွင်း သေဆုံးခဲ့ရသူ ၁,၀၁၉ ဦးကျော်အနက် ဦးခေါင်း ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၁၆ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၂ ကိုရှု)** ရှိခဲ့သည်။ သေဆုံးရသည့်အကြောင်းရင်း အတိအကျမသိရှိရသူ ၂၇၅ ဦး ရှိသောကြောင့် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးရသူ အရေအတွက်မှာ ယခုထက် ပိုမိုများပြားနိုင်ပါသည်။ သေဆုံးရသည့် အကြောင်းအရင်းသိရှိရသူ ၈၁၄ ဦးအနက် ၁၄ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သူများဖြစ်သည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)

## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ဦးခေါင်းပစ်ခတ်ခံရသူများကို ဒေသခွဲခြင်း




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၉၉ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရသူ ၁၁၇ ဦး ထက်မနည်း ရှိခဲ့ပါသည်။ ထိုသို့ ဦးခေါင်းပစ်ခတ်ခံရသူ အများဆုံးမှာ မန္တလေးတိုင်းတွင် ဖြစ်ပြီး ၂၇ ဦးအထိ ရှိခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ဒုတိယအများဆုံးဖြစ်ပြီး ၂၆ ဦးရှိကာ၊ ရန်ကုန်တိုင်းတွင် ၂၅ ဦးရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)

## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### သေဆုံးသူ အရေအတွက် ထုတ်ပြန်ချက်များ

**၁,၀၈၉+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက် အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ **၁,၀၈၉ ဦး** ထက်မနည်းရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။

**၁,၇၁၀**


မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၄ ရက် ဖော်ပြချက်တွင်မူ ဇွန်မှ ဩဂုတ်အထိဖြစ်ခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များအတွင်း ပြည်သူ **၄၃၁ ဦး** သေဆုံးပြီး၊ စစ်ကောင်စီဘက်မှ **၁,၇၁၀ ဦး** သေဆုံးခဲ့သည်ဟုဆိုသည်။*

**၂၅၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ၂၀၂၁ခုနှစ် စက်တင်ဘာ ၃ ရက် ထုတ်ပြန်ချက်၌ ဖေဖော်ဝါရီမှ ဩဂုတ်အတွင်း ၎င်းတို့၏ ပါတီဝင်များ၊ မိသားစုများနှင့် ပါတီထောက်ခံသူ **၂၅၃ ဦး** အသတ်ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။*

**၉၃၃**

၂၀၂၁ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် စစ်ကောင်စီက ပြုလုပ်ခဲ့သော မြန်မာနိုင်ငံအခြေစိုက် သံတမန်များအား ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည့် အချက်အလက်များအရ ဖေဖော်ဝါရီမှ ဩဂုတ်လကုန်အထိ သေဆုံးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။*






(*) အဆိုပါ အချက်အလက်များသည် ၎င်းတို့၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။

17 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ဂန့်ဂေါနယ် မြင်သားမှ သေဆုံးမှုများ





၂၀၂၁ စက်တင်ဘာ ၉ရက်တွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မြင်သား ကျေးရွာအတွင်းသို့ စစ်ကောင်စီတပ်များ ဝင်ရောက်လာပြီးနောက် ဒေသခံအချို့နှင့် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။ စစ်ကောင်စီဘက်မှ လက်နက်ကြီး အသုံးပြုတိုက်ခိုက်မှုများ အပါအဝင် အင်အားသုံး ဖြိုခွင်းမှုများကြောင့် ဒေသခံပြည်သူ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ သေဆုံးကြသူများထဲတွင် လူငယ်များ အများဆုံးပါဝင်နေပြီး အသက် ၁၈ နှစ်အောက်လူငယ် ၁၁ ဦးထက် မနည်း သေဆုံးခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

17 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### သေဆုံးခဲ့ရသော အသက်အုပ်စု





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် အသက်အတိအကျသိရှိရသူ ၇၉၈ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် အတိအကျမသိရသူ ၂၉၁ ဦး ရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)

## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### သေဆုံးခဲ့သော ကျား၊ မ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၈၉ ဦးကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၉၄၆ ဦးသည် အမျိုးသားများဖြစ်ပြီး ၇၅ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၆၈ ဦးမှာ အတိအကျ မသိရှိရပေ။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

17 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၈)

### အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

**သေဆုံးခဲ့ရသော ဒေသများ**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၀၈၉ ဦး ကျော်အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများ ရှိနိုင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။